# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ၏ အန္တရာယ်များ အကြောင်း အသိပညာပေးသင်တန်း ကျင်းပ ပြုလုပ်ခဲ့






အွန်လိုင်းလုံခြုံရေးဆိုင်ရာ အသိပညာများ တိုးပွားစေရန် ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ၏ အန္တရာယ်များအကြောင်း အသိပညာပေးသင်တန်းကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် Auditorium အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းကို ZEGA Finance မှဝန်ထမ်းများ ၊Reignsman မှ ဝန်ထမ်းများ ၊ AWBA Group HR နှင့် Group CSR မှ ဝန်ထမ်းများလည်း တက်ရောက်ခဲ့ကြပြီး ZEGA Finance Co., Ltd. ၏ Chief Compliance Officer ဖြစ်သူ ဦးမျိုးညီညီမှ အွန်လိုင်းလိမ်လည်မှု (Online Scams) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) များ၏ အန္တရာယ်များ၊ ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။




သင်တန်း၏ ရည်ရွယ်ချက်များအနေဖြင့်

* အွန်လိုင်းလိမ်လည်မှု အမျိုးအစားများကို သိရှိစေရန်။

* အွန်လိုင်းလောင်းကစားမှု၏ ဆိုးကျိုးများကို သတိပြုမိစေရန်။

* လိမ်လည်မှုနှင့် လောင်းကစားမှုမှ ကာကွယ်နိုင်သော နည်းလမ်းများကို သိရှိစေရန် ဖြစ်ပါသည်။

သင်တန်းတွင် အွန်လိုင်းလိမ်လည်မှုများ၏ နောက်ဆုံးပေါ်နည်းလမ်းများ၊ လောင်းကစားခြင်း၏ စိတ်ပိုင်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ သက်ရောက်မှုများ၊ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရန်နှင့် သံသယဖြစ်ဖွယ် လှုပ်ရှားမှုများကို သတင်းပို့ရန် အရေးကြီးပုံများအကြောင်းကို ရှင်းလင်းပြောကြားပေးခဲ့ပါသည်။